# မုန်ကျီမြို့ထွက်သလဲသီးချိုသည် အရှေ့တောင်အာရှဈေးကွက်တွင် အရောင်းသွက်

ယူနန်တောင်ပိုင်း၌အကြီးဆုံးသော သလဲသီးစုစည်းရာနေရာဖြစ်သည့် မုန်ကျီမြို့ရှင်းအန်းစိုမြို့နယ်ရှိ သလဲသီးရောင်းဝယ်ရေးဈေးကွက်တွင် ပြည်နယ်တွင်းပြည်နယ်ပမှ ရောက်ရှိလာကြသော အရောင်းကိုယ်စားလှယ်များက ဝယ်ယူထားသော မုန်ကျီသလဲသီးများကို ရွေးချယ်ခဲ့ထည့်ခြင်းအားဖြင့် ပြင်ပဈေးကွက်သို့ အချိန်မီထောက်ပံ့ပေးခဲ့သည်။ လက်ရှိတွင် ဤနေရာမှ ရောင်းချသော မုန်ကျီသလဲသီးများသည် ကွမ်ရှီး၊ ကွမ်ကျိုး၊ စိန်ကျိန့်၊ ရှန်ဟဲ၊ ပေကျင်းစသည့် ပြည်တွင်းမှ ပြည်နယ်/မြို့(၂၀)ကျော်ကို ထောက်ပံ့ပေးသည့်အပြင် ဗီယက်နမ်၊ ထိုင်း၊ ရုရှားစသည့်နိုင်ငံနှင့်ဒေသများသို့လည်း ရောင်းချခဲ့သည်။ ကူမင်းအကောက်ခွန်ဌာန၏ နောက်ဆုံးကောက်ယူထားသောစာရင်းအရ ယနှစ်အောက်တိုဘာလကုန်အထိ ယူနန်ဟော်ခိုနယ်စပ်ဂိတ်မှ မုန်ကျီသလဲသီးအချို့တန်ချိန် ၃.၈၄ သောင်းတင်ပို့ခဲ့ပြီး တန်ဖိုးပမာဏမှာ ယွမ် ၅၉၇ သန်းရှိခဲ့ကြောင်း သိရသည်။

မုန်ကျီသလဲသီးသည် အစေ့လည်းကြီး၊ အခွံလည်းပါး၊ အရသာလည်းချိုခြင်းတို့ဖြင့် နာမည်ကျော်ကြားလာသည်။ ယခုထက်တိုင် စိုက်ပျိုးရေးသမိုင်း နှစ်ပေါင်း(၇၀၀)ကျော်ရှိခဲ့ပြီး တရုတ်အစိုးရသစ်တောရေးရာဦးစီးဌာနချုပ်မှ"တရုတ်သလဲသီးထွက်ရှိရာရပ်မြေ"အဖြစ်ချီးမြှင့်ခံရသည်။ "မုန်ကျီသလဲသီး" သည် နိုင်ငံတော်၏ ပထဝီအမှတ်သင်္ကေတသက်သေခံ ကုန်အမှတ်တံဆိပ်ကိုလည်း ရရှိခဲ့သည်။ ယခုနှစ်ပိုင်းတွင် မုန်ကျီသလဲသီးအချို့၏ ပြည်ပကုန်သွယ်မှုပမာဏသည် အဆက်မပြတ်တိုးတက်ပြီး နိုင်ငံတကာမှ အလတ်တန်း၊ အမြင့်တန်းဈေးကွက်သို့ တစတစထိုးဖောက်ဝင်ရောက်သွားနေပြီး အရှေ့တောင်အာရှဈေးကွက်များတွင် အရောင်းသွက်သော ယူနန်ကုန်းပြင်မြင့်ဒေသ၏ ဝိသေသထူးခြားချက်ပါပြီး အရည်အသွေးမြင့်မားသော သစ်သီးဖြစ်လာတော့သည်။ စာရင်းအရ လက်ရှိတွင် မုန်ကျီမြို့၏သလဲသီးစိုက်ဧရိယာ တရုတ်မို(၁.၂)သိန်းအနက် ပို့ကုန်အဖြစ် လျှောက်တင်ထားသော သလဲသီးစိုက်ပျိုးရေးစခန်း၏ဧရိယာမှာ တရုတ်မို(၁)သိန်း ရှိခဲ့ပြီးဖြစ်ကြောင်း၊ နှစ်စဉ် ဗီယက်နမ်၊ ထိုင်း၊ မြန်မာစသည့် အရှေ့တောင်အာရှနိုင်ငံ ဈေးကွက်သို့ ရောင်းချခဲ့သော မုန်ကျီသလဲသီးအချို့မှာ တန်ချိန်(၇)သောင်းနီးပါး ရှိခဲ့ကြောင်း သိရသည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ရန်ကျိန်း



**မုန်ကျီမြို့ရှင်းအန်းစိုမြို့နယ်၏ သလဲသီးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းကိုယ်စားလှယ်များက ဗီယက်နမ်ဈေးကွက်သို့ ရောင်းချမည့်မုန်ကျီသလဲသီးအချို့ခွဲထည့်နေပုံကိုတွေ့ရစဉ်။**

# မြန်မာနိုင်ငံသတင်းထောက်များမွမ်းမံသင်တန်းကူမင်းတွင်ဖွင့်လှစ်

(၁၀)ရက်ကြာကျင်းပသော မြန်မာနိုင်ငံ သတင်းထောက်များ မွမ်းမံသင်တန်း(၂၀၁၅)ကိုမကြာမီ ကူမင်းမြို့တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအကြိမ်မွမ်းမံသင်တန်းကို ယူနန်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်နယ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ စီမံချက်ချမှတ်ထားပြီး ပြည်နယ်သတင်းသမားများအသင်းမှ တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသတင်းထောက်များအသင်းမှတာဝန်ရှိသူနှင့်မြန်မာနိုင်ငံ 《မြန်မာ့အလင်း သတင်းစာ》၊ 《ရွှေဇာမဏီ》တရုတ်ဘာသာသတင်းစာ၊ Sky Net ရုပ်မြင်သံကြားဌာနစသည့် သတင်းမီဒီယာမှ မြန်မာ့သတင်းသမား(၂၀)ဦးတို့က ယခုအကြိမ်မွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့ကြသည်။တရုတ်သတင်းထောက်များအသင်းမှ အတွင်းရေးမှုးကျူစိုးချိန်၊မြန်မာသတင်းထောက်များအသင်းဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ ယူနန်ပြည်နယ် သတင်းသမားများအသင်းဥက္ကဋ္ဌ၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု ပါတီကော်မတီအတွင်းရေးမှူး၊ ဥက္ကဋ္ဌရွှေထီယိတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မိန့်ခွန်းပြောကြားခဲ့ကြသည်။

စုံစမ်းမေးမြန်းခြင်းအရ"တစ်ဇုန်တစ်လမ်း" တည်ဆောက်ရေးလုပ်ငန်းအရှိန်အဟုန်ဖြင့် ဖော်ဆောင်လာသည်နှင့်အမျှ ယခုနှစ်ပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၊ ယူနန်အသံလွှင့်နှင့်ရုပ်မြင်သံကြားဌာန၊ ယူနန်ကွန်ရက်စသည့် ယူနန်ပြည်နယ်ရှိ အဓိကမီဒီယာများသည် ထူးကဲသောတည်နေရာအားသာချက်ကို ပြည့်ဝစွာဖော်ထုတ်ပြီး အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများသို့ အလေးထားမျက်နှာပြုကာ တက်တက်ကြွကြွ လက်ဦးမှုရှိရှိနှင့် ပြည်ပသို့ထွက်ရန်၊ ပြည်တွင်းသို့ ဖိတ်ရန်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သတင်းထောက်ဆက်သွယ်ဖလှယ်ခြင်း၊ လှုပ်ရှားမှုအစီအစဉ်များ ကျင်းပခြင်း၊ စီမံကိန်းများတည်ဆောက်ခြင်း၊ လူတော်ထူးချွန်အင်အားလေ့ကျင့်ခြင်း စသည်တို့ကိုဆောင်ရွက်ခြင်းအားဖြင့် မြန်မာ့မီဒီယာများနှင့်ကောင်းမွန်သောပူးပေါင်းဖလှယ်ရေးစင်မြင့် တည်ထောင်ခဲ့ပြီးထိရောက်သောပူးပေါင်းဆောင်ရွက်ရေးစနစ်ကို ပဏာမအားဖြင့် ဖြစ်တည်လာနေကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးအကျိုးဖြစ်ထွန်းမှုလည်း ပေါ်လွင်နေဆဲဖြစ်ပြီး အဖက်ဖက်၏ ဂရုပြုခြင်းနှင့်ချီးမွမ်းခြင်းခံခဲ့ရကြောင်း သိရသည်။

ယခုအကြိမ် မွမ်းမံသင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာ့သတင်းသမားများအား ယူနန်ပြည်နယ်၏ လူမှုစီးပွားတိုးတက်ပုံကို ခံစားစေရန်၊ တရုတ်-မြန်မာနှစ်နိုင်ငံတို့မှ သတင်း၊ယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် ပူးပေါင်းဖလှယ်မှုကို တိုးမြှင့်စေရန်၊ နှစ်ဦးနှစ်ဖက်တို့၏ ရင်းနှီးမှုကို ခိုင်မြဲစေရန်ဖြစ်သည်။ မွမ်းမံသင်တန်းသည် သီးခြားခေါင်းစဉ်ဟောပြောပွဲ၊ ဥပမာပြုခွဲခြမ်းစိတ်ဖြာခြင်းနှင့် လက်တွေ့သင်ကြားပို့ချခြင်းစသည့်ပုံစံများဖြင့် သင်ကြားပေးခဲ့သည်။ သင်တန်းသားများသည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၊ ယူနန်အသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနတို့သို့ သွားရောက်လေ့လာခဲ့ပြီး ကူမင်းသိပ္ပံနှင့် အင်ဂျင်နီယာတက္ကသိုလ်သတင်းမီဒီယာကောလိပ်မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မီဒီယာဖိုရမ်ကို ကျင်းပခဲ့သည်။ တရုတ်-မြန်မာလမ်းမကြီးဖြစ်သည့် ပေါင်စန်းလမ်းပိုင်းသို့လည်း သွားရောက်သတင်းထောက်ခဲ့သည်။

သတင်းထောက်-ကျန်ယိုဂူ၊
လီချိုးမင်၊ လျူကျီယွီ



**မြန်မာ့သတင်းထောက်များမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ်**

## မြန်မာ့ဖရဲသီး မူဆယ်နယ်စပ်ကုန်သွယ်ရေးဈေးကွက်သို့ဝင်ရောက်

မြန်မာနိုင်ငံ 《ရွှေဇာမဏီ》 တရုတ်ဘာသာသတင်းစာမှ သတင်းအရ ၂၀၁၅ ခုနှစ် အောက်တိုဘာလလယ်တွင် ၂၀၁၅ခုနှစ်တွင်ထွက်ရှိသော မြန်မာ့ဖရဲသီးများသည် မူဆယ်(၁၀၅)မိုင်ရှိ သစ်သီးဝလံဈေးကွက်သို့ ဝင်ရောက်လာပြီး တစ်တန်ကို ယွမ်၅၀၀-၂၀၀၀ ဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံထွက်ဖရဲသီးများသည် အဓိကအားဖြင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ တင်ပို့လာခြင်းဖြစ်ပြီး တစ်နေ့လျှင် ယာဉ်အစီး(၂၀)ခန့် ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံထွက်ဖရဲသီးများသည် အရည်လည်းပေါ၊ အရသာလည်းချိုသဖြင့် ယခုနှစ်များအတွင်း နိုင်ငံတကာဈေးကွက်၊ အထူးသဖြင့် တရုတ်ဈေးကွက်၏ အနှစ်သက်ခံရသည်။

သတင်းထောက် - ကျန်ယိုဂူ